EMReF Enlightened Myanmar Research Foundation ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၂)၊ အမှတ်-၄၉

ဖေဖော်ဝါရီ ၂၀ ရက်၊ ၂၀၁၈

## မကွေးတိုင်းဝန်ကြီးချုပ် အဆိုပြုသည့် ဝန်ကြီးနှစ်ဦးကို တိုင်းလွှတ်တော် ဒီချုပ်အမတ် ၁၇ဦး ကန့်ကွက်



ဓာတ်ပုံ-magwayparliament.gov.mm

**ဖေဖော်ဝါရီ ၁၇ ရက်၊ ၂၀၁၈**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တွင် လစ်လပ်နေသည့် ဝန်ကြီး နှစ်နေရာအတွက် အမည်စာရင်းကို တိုင်းဝန်ကြီးချုပ်က လွှတ်တော်သို့အဆိုပြုတင်ပြရာ ဒီချုပ်လွှတ်တော်ကိုယ်စားလှယ် ၁၇ ဦးက ကန့်ကွက်ခဲ့သည်။ ထိုကန့်ကွက်မှုကို ဖေဖော်ဝါရီ ၁၆ ရက်နေ့ မကွေးတိုင်းဒေသကြီး လွှတ်တော်အရေးပေါ်အစည်းအဝေး၌ ပြုလုပ်ခဲ့သည်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးနှင့် မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးများ ၎င်းတို့၏ဆန္ဒအလျောက်နုတ်ထွက်ခဲ့၍ နှစ်နေရာလစ်လပ်နေသည်။ ထိုအတွက် ဝန်ကြီးချုပ်က တွဲဖက်ပြည်နယ်ပညာရေးမှူး (ငြိမ်း) ဦးအောင်ကျော်မိုးနှင့် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး (ငြိမ်း) ဦးအေးငွေတို့ကို ဖေဖော်ဝါရီ ၁၄ ရက်တွင် အမည်စာရင်း တင်သွင်းခဲ့သည်။ ယင်းတင်သွင်းချက်အပေါ် ကန့်ကွက်သူများရှိခဲ့ရာ အခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိ အချိန်ယူစိစစ်မည်ဖြစ်ကြောင်း လွှတ်တော် ဥက္ကဋ္ဌဦးတာက လွှတ်တော် တွင် ကြေညာခဲ့သည်။

ဝန်ကြီးနေရာအတွက် အဆိုပြုခံရသည့် ဦးအောင်ကျော်မိုးသည် တိုင်းလက်ထောက်ပညာရေးမှူးအဖြစ် တာဝန်ထမ်းဆောင်စဉ်က အလယ်တန်းပြဆရာတစ်ဦးကို နိုင်ငံရေးလုပ်သည်ဟူသော စွဲချက်ဖြင့် ခုံရုံးဖွဲ့စစ်ဆေးသူဖြစ်ခြင်းကြောင့် ဝန်ကြီးအဖြစ်ခန့်အပ်ရန် အဆိုပြုမှုအပေါ် ဝေဖန်မှုများထွက်ပေါ်နေသည်။ **(ကိုးကား:- 7daydaily)**

## လွှတ်တော်က ကန့်ကွက်ခဲ့သော ရခိုင်ပြည်နယ်ဈေးစီမံကိန်းများ ဖျက်သိမ်း

**ဖေဖော်ဝါရီ ၁၆ ရက်၊ ၂၀၁၈**

တင်ဒါခေါ်ယူရာတွင် ပွင့်လင်းမြင်သာမှု မရှိဟုဆိုကာ လွှတ်တော်၌ ကန့်ကွက်မှုများ ရှိနေခဲ့သော ရခိုင်ပြည်နယ်တွင် ဈေးငါးဈေး တည်ဆောက်မည့်စီမံကိန်းကို ဖျက်သိမ်းပြီး ယင်းရန်ပုံငွေများကို မြို့နယ် ၁၇ မြို့နယ်သို့ ခွဲဝေသုံးစွဲခွင့် ပေးခဲ့ကြောင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ပြောသည်။

အဆိုပါဈေးငါးဈေးကို စစ်တွေ၊ ကျောက်တော်၊ ရမ်းဗြဲ၊ တောင်ကုတ်နှင့် ဂွမြို့တို့တွင် တည်ဆောက်ရန်စီစဉ်ခဲ့ပြီး ဈေးတည်ဆောက်မည့်မြို့နယ်ရွေးချယ်ခြင်းနှင့် တင်ဒါခေါ်ယူခြင်းတွင် ပွင့်လင်းမြင်သာမှုမရှိဆိုကာ လွှတ်တော်အပါအဝင် အရပ်ဘက်အဖွဲ့အစည်းများက ကန့်ကွက်ခဲ့သည်။ မူလဈေးနေရာများတွင် တည်ဆောက်မည့်ကိစ္စကို ဈေးသူဈေးသားအများစုကလည်း သဘောမတူခဲ့ပေ။

"လွှတ်တော်က သဘောမတူတဲ့ဟာကို ဆက်ပြီးမဆောက်ချင်ဘူး။ ဒါကြောင့် စီမံကိန်းကို ဖျက်သိမ်းလိုက်တာပါ"ဟု ရခိုင်ပြည်နယ် အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သတ္တုတွင်းဝန်ကြီး၊ ယာယီစည်ပင်သာယာရေးဝန်ကြီး ဦးကျော်လွင်က ပြောသည်။

ရခိုင်ပြည်နယ်အတွင်း နောက်ထပ်ဈေးဆောက်မည်ဆိုလျှင်လည်း အစိုးရအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဒေသခံများနှင့်ညှိနှိုင်းကာ သဘောတူညီချက်ရရှိမှသာလျှင် ဆောက်လုပ်မည်ဟု ဝန်ကြီးက ပြောကြားသည်။

အဆိုပါဈေးငါးဈေးတည်ဆောက်ရန် တင်ဒါခေါ်ယူရာတွင် ပွင့်လင်းမြင်သာမှုမရှိသည့်အချက်အပါအဝင် အခြားအချက်များဖြင့် ယခင်စည်ပင်ဝန်ကြီးဦးမင်းအောင်ကို ရခိုင်ပြည်နယ်လွှတ်တော်က စွပ်စွဲပြစ်တင်ခဲ့သဖြင့် ဦးမင်းအောင် တာဝန်မှရပ်စဲခံခဲ့ရသည်။

**(ကိုးကား:- 7daydaily)**

# တနင်္သာရီတိုင်းအတွင်း စီမံကိန်းများ လွှတ်တော်တင်ပြရန် အငြင်းပွားမှု ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး အဆုံးအဖြတ်ခံယူမည်

**ဖေဖော်ဝါရီ ၅ ရက်၊ ၂၀၁၈**

စီမံကိန်းများနှင့်ပတ်သက်၍ လွှတ်တော်သို့တင်ပြရန် လို၊ မလို တိုင်းအစိုးရနှင့် လွှတ်တော်အကြား အငြင်းပွားနေမှုကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ယခုလအတွင်းတင်သွင်း၍ အဆုံး အဖြတ်ခံယူရန် စီစဉ်နေသည်ဟု တနင်္သာရီတိုင်းလွှတ်တော်ဥက္ကဋ္ဌဦးခင်မောင်အေးက ပြောသည်။

ဇန်နဝါရီ ၂၂ ရက်က ထားဝယ်မြို့၌ ပြုလုပ်သည့် ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာစာစောင် မိတ်ဆက်ပွဲအခမ်းအနားတွင် ဘတ်ဂျက်စီမံကိန်းများကိုသာ လွှတ်တော်သို့တင်ပြရန်လိုအပ်ပြီး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကိုတင်ပြရန်မလိုဘဲ ရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)၏ လုပ်ထုံးလုပ်နည်းအတိုင်းသာ ဆောင်ရွက်ရန်လိုကြောင်း တိုင်းအစိုးရအဖွဲ့ စီမံဘဏ္ဍာဝန်ကြီးက ပြောကြားခဲ့သည်။ ယင်းသို့ပြောကြားမှုအပေါ် တိုင်းအတွင်း ဆောင်ရွက်မည့် စီမံကိန်းမှန်သမျှ အခြေခံဥပဒေ ပုဒ်မ ၂၅၁ အရ လွှတ်တော်သို့တင်ပြ၍ လုပ်ဆောင်ရမည်ဟု လွှတ်တော်ဥက္ကဋ္ဌမှ ပြန်လည်တုံ့ပြန်ပြောဆိုခဲ့သည်။

လက်ရှိတွင် ထိုအငြင်းပွားမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့တင်သွင်းနိုင်ရေး တိုင်းလွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်ပင်ဆွေးနွေးပြီး ဆုံးဖြတ်ဆောင်ရွက်မည်ဟု လွှတ်တော်ဥက္ကဋ္ဌက ပြောသည်။

အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီမံကိန်းများကို လွှတ်တော်သို့ တင်ပြခြင်းမရှိသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၁ နှင့်အညီ လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရန် တိုင်းလွှတ်တော်ဆဋ္ဌမ ပုံမှန်အစည်းအဝေးနှင့် သတ္တမပုံမှန်အစည်းအဝေးများတွင် လွှတ်တော်ဥက္ကဋ္ဌက သတိပေးပြောကြားခဲ့ဖူးသည်။
**(ကိုးကား- 7daydaily)**

# ရန်ကုန်စည်ပင်ကို စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းအဖြစ် ပြောင်းလဲမည့် ဥပဒေကြမ်း လွှတ်တော်ကိုယ်စားလှယ်များ ကန့်ကွက်ရန်ပြင်ဆင်

**ဖေဖော်ဝါရီ ၁၂ ရက်၊ ၂၀၁၈**




ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကို စီးပွားရေးအဖွဲ့အစည်းအဖြစ် အပြောင်းအလဲပြုလုပ်မည့်အချက်များ ပါဝင်နေသည့် စည်ပင်သာယာရေးဥပဒေကြမ်းကို တိုင်းလွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်ရန် ပြင်ဆင်နေကြသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရက တင်သွင်းသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကြမ်း၏ အခန်း ၆ တွင် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ရန် အာဏာပိုင်အဖွဲ့များ၊ ဌာနများနှင့် စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများကို ဖွဲ့စည်းခြင်းများပြုလုပ်ရမည်ဟု ဖော်ပြထားသည်။ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများတွင် တည်ဆောက်ရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ အပန်းဖြေလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်မည်ဟု ဖော်ပြထားသည်။

ယင်းစီးပွားရေးလုပ်ငန်းများ ဖွဲ့စည်းခြင်းနှင့်ဆိုင်သည့်အခန်းများကို ဥပဒေကြမ်းမှ ပယ်ဖျက်သင့်ကြောင်း လွှတ်တော်တွင် ကန့်ကွက်ဆွေးနွေးသွားမည်ဖြစ်ပြီး ကိုယ်စားလှယ်အနေဖြင့်သာမက လွှတ်တော်၏ စီမံကိန်းနှင့်ဘဏ္ဍာရေးကော်မတီအနေဖြင့်လည်း ကန့်ကွက်သွားရန်စီစဉ်နေကြောင်း တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ဥပဒေကြမ်းကော်မတီကလည်း အဆိုပါ အခန်း (၆) တွင် ပါဝင်သည့် အာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနများနှင့်စီးပွားရေးလုပ်ငန်းများ ဖွဲ့စည်းခြင်းခေါင်းစဉ်အောက်တွင် ယင်းအဖွဲ့အစည်းများအတွက် ရှင်းလင်းသောဖွဲ့စည်းပုံကို ရေးဆွဲထားခြင်းမရှိကြောင်း သုံးသပ်ထားသည်။
**(ကိုးကား- thevoicemyanmar.com)**

## သတင်းတို

● ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသား လူမျိုးစုအားလုံး၏ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုများ တစ်ပြေးညီတိုးတက်ကာ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး၊ တန်းတူအခွင့်အရေးရရှိရေးနှင့် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးစုအချိုးအစားအလိုက် ရန်ပုံငွေထောက်ပံ့စေလိုကြောင်း တိုင်းအစိုးရအဖွဲ့သို့ တိုက်တွန်းသည့်အဆိုကို တင်သွင်းခဲ့သော်လည်း မဲခွဲဆုံးဖြတ်ရာတွင် အဆိုရှုံးနိမ့်သွားသည်။ အဆိုကို ပဲခူးတိုင်းလွှတ်တော်၊ နဝမ ပုံမှန်အစည်းအဝေးတွင် လွှတ်တော်ဒု-ဥက္ကဋ္ဌဦးကြည်ဇင်က တင်သွင်းခဲ့ပြီး ကိုယ်စားလှယ် ၂ ဦးက ထောက်ခံခဲ့သည်။ သို့သော် လွှတ်တော်ကိုယ်စားလှယ်ဦးဌေးလွင်က လူဦးရေအချိုးအစားအလိုက် ရန်ပုံငွေထောက်ပံ့ပေးစေလိုကြောင်း စာသားမှာ တိုင်းရင်းသားများတန်းတူအခွင့်အရေးမရရှိနိုင်ဆိုကာ ကန့်ကွက်ခဲ့သည့်အတွက် မဲခွဲဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ **(ကိုးကား- ကေအိုင်စီ )**



# KIA ဖျက်ဆီးသည့်တံတားများကို အမြန်ဆုံးတည်ဆောက်ပေးရေး လွှတ်တော်တွင် အရေးကြီးအဆိုတင်

**ဖေဖော်ဝါရီ ၇ ရက်၊ ၂၀၁၈**

မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို လမ်းပိုင်းဆက်သွယ်ထားသော တံတားနှစ်စင်းကို ကချင်လက်နက်ကိုင်တပ်ဖွဲ့ ကေအိုင်အေနှင့် ကေအိုင်အိုတို့က ဖျက်ဆီးခဲ့သည့်အတွက် အမြန်ဆုံး ပြန်လည်တည်ဆောက်ပေးရန် အရေးကြီးအဆိုကို ဖေဖော်ဝါရီလ ၇ ရက်နေ့က ကချင်ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒိန်ခန်ဖုန်(ခ)ခန်လင် (ပူတာအို-၂)က တင်သွင်းခဲ့သည်။

အဆိုပါလမ်းကိုဖျက်ဆီးမှုကြောင့် ပူတာအိုခရိုင်အတွင်းရှိ ဒေသခံများနှင့် အစိုးရဝန်ထမ်းများမှာ ကုန်ဈေးနှုန်းမြင့်တက်ခြင်း၊ ဓာတ်ဆီနှင့် ဆန်ရှားပါးခြင်းတို့ ရင်ဆိုင်နေရသည့်အတွက် ပျက်စီးနေသည့်တံတားများကို သက်ဆိုင်ရာက လုံခြုံရေးပေးပြီး အမြန်ဆုံးတည်ဆောက်ပေးရန်နှင့် ကားလမ်းပိုင်းကိုလည်း ပြန်လည်အသုံးပြုသွားလာနိုင်ရန် ဆောလျင်စွာဆောင်ရွက်ပေးရေး ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အရေးကြီးအဆိုကို တင်သွင်းရခြင်းဖြစ်သည်ဟု သိရသည်။

ထိုအရေးကြီးအဆိုနှင့် ပတ်သက်ပြီး အစိုးရအနေဖြင့် တည်ဆဲအုပ်ချုပ်မှုယန္တရားကို မည်သို့ပင်ဖြစ်စေ အပျက်အစီးမခံကြောင်း၊ ရသည့်နည်းလမ်းဖြင့် အမြန်ဆုံးချောချောမောမောသွားလာနိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကချင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသူရမျိုးတင်က ရှင်းလင်းဖြေကြားခဲ့သည်။ ယင်းအဆိုအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၇ ဦးမှ ထောက်ခံဆွေးနွေးခဲ့ပြီးနောက် အဆိုရှင်၏သဘောထားအရ လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိရန် ဆုံးဖြတ်ခဲ့သည်။


ဓာတ်ပုံ-Yan Kaung

**(ကိုးကား:- thevoicemyanmar.com)**

# မြောက်ဦးဖြစ်စဉ် စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် ပူးပေါင်းခြင်းမပြုရန် ပြည်နယ်အစိုးရ၏ တားမြစ်မှု ဆိုင်းငံ့ထား

**ဖေဖော်ဝါရီ ၁၅ ရက်၊ ၂၀၁၈**

ရခိုင်ပြည်နယ်လွှတ်တော်က ဖွဲ့စည်းထားသည့် မြောက်ဦးဖြစ်စဉ် စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိသည့်အပြင် အစိုးရ၏လုပ်ပိုင်ခွင့်ဖြစ်သဖြင့် ယင်းအဖွဲ့က စစ်ဆေးမေးမြန်းလာလျှင် ဖြေကြားရန်မလိုကြောင်း ဌာနဆိုင်ရာများကို ရခိုင်ပြည်နယ်အစိုးရက ဖေဖော်ဝါရီ ၅ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ညွှန်ကြားခဲ့သည်။

ထိုစာကို ပြည်နယ်အစိုးရအဖွဲ့က လွှတ်တော်စုံစမ်းရေးအဖွဲ့ကိုလည်း ပေးပို့ခဲ့သော်လည်း ပြန်လည်ဆိုင်းငံ့ထားခဲ့သည်။

လက်ရှိအချိန်တွင် ပြည်နယ်အစိုးရအဖွဲ့ဘက်မှ ထိုစာကို တရားဝင်ရုပ်သိမ်းကြောင်း မထုတ်ပြန်သေးသော်လည်း အဖွဲ့အနေဖြင့် စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် (ဌာနဆိုင်ရာများထံ) သွားမည်ဆိုလျှင် သွားရောက်နိုင်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအားပြောသည်ဟု အဖွဲ့အတွင်းရေးမှူးဖြစ်သူ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးထွန်းသာစိန်က ပြောသည်။

**(ကိုးကား:- 7daydaily.com/ rfa.org)**

# ရန်ကုန်တွင် တရားမဝင်ကားပါကင်ကြေးကောက်ခံမှု မြို့တော်ဝန်ကားပင်မလွှတ်ဟုပြော

**ဖေဖော်ဝါရီ ၁၆ ရက်၊ ၂၀၁၈**

ရန်ကုန်မြို့တော်ဝန်ကိုယ်တိုင် တရားမဝင်ကားပါကင်ကြေး ပေးဆောင်နေရကြောင်း ဖေဖော်ဝါရီ ၁၅ ရက်ကပြုလုပ်သည့် ရန်ကုန်တိုင်းလွှတ်တော်တွင် မြို့တော်ဝန်ဦးမောင်မောင်စိုးက ပြောခဲ့သည်။

ကျောက်တံတားမြို့နယ်မှ တိုင်းလွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ပြာ၏ ရန်ကုန်မြို့တွင်း၌ ကားပါကင်နေရာများ သတ်မှတ်၍ စနစ်တကျပါကင်ကြေးကောက်မည့် အစီအစဉ်ကို မည်သည့်အချိန်တွင် စတင်အကောင်အထည်ဖော်မည်ဆိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ မြို့တော်ဝန်က ဖြေကြားရာတွင် အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ကားပါကင်ကြေးကို တရားဝင်ကောက်ခံခွင့်မရှိသော်လည်း အခြားသူများက ကျောက်တံတားမြို့နယ်ရှိ ဗိုလ်အောင်ကျော်လမ်း၊ ပန်းဆိုးတန်းလမ်းတို့တွင် ကားပါကင်ကြေးအဖြစ် ကားတစ်စီးလျှင် ကျပ် ၅၀၀ နှုန်း တရားမဝင် ကောက်ခံနေကြောင်း ဒေါ်ကြည်ပြာကပြောသည်။

ဒေါ်ကြည်ပြာ၏မေးခွန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးဝန်ကြီးလည်း ဖြစ်သည့် ဦးမောင်မောင်စိုးက ၎င်းကိစ္စအား သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် စည်ပင်ဌာနတို့ ပူးပေါင်းဖြေရှင်းမည်ဖြစ်ပြီး ကားပါကင်နေရာသတ်မှတ်ခြင်းနှင့် ပါကင်ကြေးကောက်ခံခြင်းကို ရေရှည်စီမံကိန်းသဘောမျိုးဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။ သို့သော် မည်သည့်အချိန်တွင် ဖြေရှင်းမည်ဆိုခြင်းနှင့် လတ်တလောဆောင်ရွက်မည့် ကိစ္စရပ်များကို မြို့တော်ဝန်က လွှတ်တော်တွင် ရှင်းရှင်းလင်းလင်း ဖြေကြားမှုမရှိခဲ့ပေ။

**(ကိုးကား:-7daydaily)**